ATHAN


အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့


# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အွန်လိုင်း (ဖေ့စ်ဘုတ် ဆိုရှယ်မီဒီယာ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဆန်းစစ်လေ့လာချက်




ဇွန်လ ၂၀၂၃

**စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အွန်လိုင်း (ဖေ့စ်ဘုတ် ဆိုရှယ်မီဒီယာ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဆန်းစစ် လေ့လာချက်**

**မာတိကာ**


**အသံအဖွဲ့နောက်ခံအကျဉ်း** - ၁

**သုတေသနနည်းလမ်းနှင့် စိန်ခေါ်ချက်** - ၁

**ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု နောက်ခံအကျဉ်း** - ၂

**အွန်လိုင်းထုတ်ဖော်ပြောဆိုခွင့်များ ဆုံးရှုံးခြင်း** - ၂

**လေ့လာတွေ့ရှိချက်များ** - ၄

**(၁) နိုင်ငံရေးဆိုင်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ကန့်သတ်ခံရမှုအား လေ့လာခြင်း** - ၄

**(၂) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဥပဒေများအသုံးပြု၍ အရေးယူဖိနှိပ်မှုအား လေ့လာခြင်း** - ၁၀

**(၃) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နည်းပညာဖြင့် ကန့်သတ်၊ ဖိနှိပ်မှုအား လေ့လာခြင်း** - ၁၁

**နိဂုံးချုပ်** - ၁၄

## *အသံအဖွဲ့၏ နောက်ခံအကျဉ်း*

အသံအဖွဲ့ကို လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ လူငယ်များမှစုစည်းကာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသံအဖွဲ့သည် သုတေသနကိုအခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး သုတေသန၊ စည်းရုံးလှုံ့ဆော်ရေး နှင့် သင်တန်းပို့ချခြင်း လုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့သော အဖွဲ့အစည်း တစ်ခုဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့်ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံး လှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်သွားခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ အသံအဖွဲ့၏မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

## *သုတေသနနည်းလမ်းနှင့် စိန်ခေါ်ချက်များ*

ဤသုတေသနအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း ဆိုရှယ်မီဒီယာအသုံးပြုသူများအနေဖြင့် ၎င်းတို့၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အပြည့်အဝအသုံးချခွင့် မရှိဘဲ ကြောက်လန့်နေရကာ အွန်လိုင်းပလက်ဖောင်းများတွင် နိုင်ငံရေးနှင့်ပတ်သက်ဆက်စပ်သော အကြောင်းအရာများနှင့်၊ အတွေးအခေါ်များအား ရေးသားပြောဆိုခြင်းကြောင့် နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် စစ်တပ်၏ အကြမ်းဖက်ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခံရခြင်းများ နိုင်ငံအဝှမ်း နေ့စဉ်နှင့်အမျှဖြစ်ပွားနေသည်ကို လေ့လာရန် ရည်ရွယ်သည်။ ဒေတာအချက်အလက်များရရှိရန်အတွက် အရေအတွက်ဆိုင်ရာ (Quantitative) နှင့် အရည်အသွေးဆိုင်ရာ (Qualitative) သုတေသနနည်းလမ်းနှစ်မျိုး ရောယှက်အသုံးပြုထားသည်။

ဤသုတေသနအစီရင်ခံစာအား “Google Survey Form” အသုံးပြု၍စစ်တမ်းကောက်ယူခဲ့ပြီး အင်တာဗျူး ကဏ္ဍများလည်းတဆက်တည်း ပြုလုပ်ခဲ့သည်။ ထို့သို့ Google Survey Form ဖြင့် စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူ အမျိုးသမီးဦးရေ (၂၈) ဦး၊ အမျိုးသားဦးရေ (၂၇) ဦးနှင့် အခြားလိင်စိတ်ခံယူသူ (၃) ဦး ပါဝင် ဖြေဆိုခဲ့ပါသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူ စုစုပေါင်း (၅၈) ဦးအနက် (၄၂) ဦးမှာ မြို့ပြဒေသများတွင် နေထိုင်သူ၊ (၁၂) ဦးမှာ ကျေးရွာများအတွင်းနေထိုင်သူဖြစ်ပြီး၊ ကျန် (၄) ဦးမှာ အခြားနယ်စပ်ဒေသအတွင်း နေထိုင် လျက်ရှိသူများဖြစ်သည်။ အင်တာဗျူးကဏ္ဍများအတွက် ဆက်သွယ်မေးမြန်းရာတွင် ဖြေဆိုသူ အမျိုးသမီးဦးရေ (၆) ဦးနှင့် အမျိုးသားဦးရေ (၃) ဦးအား Online Platform မှအင်တာဗျူးခြင်းများလုပ်ဆောင်ခဲ့သည်။

ဤသုသေသန စာတမ်းအားပြုစုရေးသားရာတွင် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုမှာ စစ်တမ်းကောက်ယူစဉ်နှင့် အင်တာဗျူးများ ဆက်သွယ်ဆောင်ရွက်နေစဉ်ကာလအတွင်း မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးတချို့တွင် မိုခါမုန်တိုင်းအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရပြီး တာဝါတိုင်များပျက်စီးကာ ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ဒေသအချို့တွင်ပြတ်တောက်နေခဲ့သည့်အပြင် အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်းနှင့် ဖုန်းလိုင်းများအား ရည်ရွယ်ချက်ရှိရှိဖြတ်တောက်ထားသည့် ဒေသများစွာလည်း ယခုအချိန်ထိ ရှိနေဆဲဖြစ်သောကြောင့် ပါဝင်ဖြေဆိုသူများအား ဆက်သွယ်ရာတွင် စိန်ခေါ်မှုများစွာရှိခဲ့သည်။

## ***ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု နောက်ခံအကျဉ်း***

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းစဉ်ကစပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့် ပတ်သက်၍ ဥပဒေများဖြင့် ကန့်သတ်ကာ ယင်းလူ့ရပိုင်ခွင့်ကို အစဖျောက်ထားခဲ့သည်။ တင်းကြပ်သော အရှေ့တိုင်းပဒေရာဇ်စနစ်၏ အုပ်ချုပ်ခံလူတန်းစားမှ ဆင်းသက်သော လူမှုရေးစံနှုန်းကြောင့် ပွင့်လင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသော လူမှုရေးရာအမူအကျင့်အား ရိုင်းပြမှု သို့မဟုတ် နိမ့်ကျသော ဆက်ဆံရေးသွင်ပြင် သို့မဟုတ် ထိန်းသိမ်းမှုကင်းသော အပြုအမူအဖြစ် ရှုမြင်ကာ မြန်မာ့အသိုင်းအဝိုင်းတွင် စစ်တပ်က ထိုသို့ ဥပဒေများဖြင့် ထပ်မံကန့်သတ်လိုက်ခြင်းသည် လူထုကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း သဘောတရားဆီမှ ဝေးကွာသွားစေသည်။

ထိုမှ နှစ်ပေါင်း (၄၀) ခန့်အကြာ ၂၀၁၀ ဝန်းကျင် ခုနှစ်များတွင် မြန်မာလူငယ်အသိုင်းအဝန်း၌ ဖေ့စ်ဘုတ် (Facebook) အသုံးပြုမှုစတင်၍ တွင်ကျယ်လာသည်။ ထို့နောက် မြန်မာလူထုကြားတွင် ဖေ့စ်ဘုတ် အသုံးပြုကာ ဒီဂျစ်တယ် ဆိုရှယ်မီဒီယာမှတဆင့် လွတ်လပ်စွာထုတ် ဖော်ပြောဆိုခြင်း အလေ့အထ စတင်ထွန်းကားလာခဲ့သည်။

## ***အွန်လိုင်းထုတ်ဖော်ပြောဆိုခွင့်များ ဆုံးရှုံးခြင်း***

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတန်း၊ အပိုဒ် (၁၉)၊ အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ် (ICCPR) နှင့် အခြားသော စာချုပ်များတွင် လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် ပါဝင်ဖော်ပြထားသည်။ လူသားတိုင်းသည် ကြားနေနှောင့်ယှက်မှုမရှိဘဲ မိမိတို့၏ အတွေးအခေါ်၊ အယူအဆများကို လွတ်လပ်စွာဆုပ်ကိုင်ထား ပိုင်ခွင့်ရှိသည်။ ဤအခွင့်အရေးတွင် မည်သည့်မီဒီယာနှင့် နယ်မြေအပိုင်းအခြားကိုမဆို အကန့်အသတ်မရှိ ကျော်ဖြတ်လျက် သတင်း အချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို လွတ်လပ်စွာရှာဖွေပိုင်ခွင့်၊ လက်ခံပိုင်ခွင့်၊ တစ်ဆင့်ပြန်လည် ဖြန့်ဖြူးခွင့်ရှိခြင်း စသော အခွင့်အရေးများ ပါဝင်သည့် လွတ်လပ်စွာထင်မြင် ယူဆပိုင်ခွင့်

နှင့်ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။ ထိုလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို အွန်လိုင်းတွင်လည်း အလားတူ ကျင့်သုံးနိုင်ကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဖရန်လာရူး (Frank La Rue) မှ ပြောကြားခဲ့သည်။[1]

သို့သော် မြန်မာနိုင်ငံတွင် မြေပြင်၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများနှင့်အတူ အွန်လိုင်းလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များသည်လည်း ဆိုးရွားစွာ ဖိနှိပ်ခံနေရသည်။ စစ်အာဏာသိမ်းမှုနှင့် အတူ အင်တာနက်ဖြတ်တောက်ခြင်း၊ လူမှုဆက်သွယ်ရေး မီဒီယာများနှင့် ဝက်ဘ်ဆိုက်ဒ်များပိတ်ခြင်း၊ အပလီကေးရှင်းများ ပိတ်ခြင်း၊ နှင့် အွန်လိုင်းမှ စောင့်ကြည့်ခြင်းများစသည့် ဒီဂျစ်တယ်ဖိနှိပ်မှုများကို ပြုလုပ်လျက်ရှိသည်။[2]

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး သုံးရက်အကြာ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ဖေ့စ်ဘုတ်လူမှုကွန်ရက်ကို ယာယီပိတ်ထားရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ ဖေ့စ်ဘုတ် အပါအဝင် အခြားသော ဆိုရှယ်မီဒီယာ ဝက်ဘ်ဆိုက်ဒ်များကိုလည်း ပိတ်ခဲ့သည်။[3] အွန်လိုင်းစာမျက်နှာပေါ်တွင် စစ်အာဏာသိမ်းမှုအားဆန့်ကျင်ကြောင်း ထုတ်ဖော်ရေးသားသူ၊ NUG/CRPH အားထောက်ခံရေးသားသူ၊ တော်လှန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ရန် လှုံ့ဆော်သူ၊ တော်လှန်ရေးအင်အားစုများအား ထောက်ပံ့ကူညီသူများကို အဓိကပစ်မှတ်ထား ဖမ်းဆီးထောင်ချခြင်းမှစကာ စစ်တပ်အသိုင်းအဝန်းထဲမှ တစ်ဦးဦးနှင့် အဆင်မပြေသည့် သူအဆုံး ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုအပါအဝင် ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်)မှ ပို့စ်များကို တိုင်ကြားပြီး ဖမ်းဆီးခံရခြင်းများလည်းရှိသည်။ ထို့ပြင် စစ်တပ်ကိုဆန့်ကျင်သည့် နာမည်ကြီး ဆယ်လီများ၏ ပို့စ်များအောက်တွင် ကောမန့်ပေးသူများ၊ အားပေးထောက်ခံကြောင်း ရေးသားသူများကိုလည်း ပစ်မှတ်ထား၍ ဖမ်းဆီးလေ့ရှိသည်။

တဆက်တည်းမှာပင် သတင်းမီဒီယာလုပ်ငန်းများကို ပိတ်သိမ်းကာ သတင်းသမားများအား ဖမ်းဆီးထောင်ချခြင်းများ၊ သတင်းဌာနများအား ပိတ်သိမ်းခြင်းများနှင့်အတူ သတင်းတိုက်များအား ဝင်ရောက်စီးနင်းဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ ပြင်ဆင်လိုက်သည့် "ရုပ်မြင်သံကြားနှင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ" တွင် သတင်းမီဒီယာကြီးများမှစကာ အွန်လိုင်းသတင်းမီဒီယာအသေးစားများအထိ ပစ်မှတ်ထားသည့် ဥပဒေပုဒ်မများ ထည့်သွင်းထားပြီး ငွေဒဏ်နှင့် နှစ်ရှည်ထောင်ဒဏ်ကြီးများပါဝင်သည်။[4]

---

[1] Abraham, S. (2018). First Among Equals? The Role of the State in Facilitating Internet: Access and Protecting the Freedom of Expression Online in the Global South. *Just Security in the Under Governed World*, 352-388.

[2] OCHR. (2022). https://www.ohchr.org/en/press-releases/2022/06/myanmar-un-experts-condemn-militarys-digital-dictatorship

[3] Voice of America – Burmese. (2021, February 04).

https://burmese.voanews.com/a/facebook-communication-telecommunication-sociamedia-coup/5764803.html

[4] Development Media Group. (2021, November 15) https://www.facebook.com/dmgnewsagency/photos/a.466679383484478/2157365711082495/?type=3

## လေ့လာတွေ့ရှိချက်များ

မြန်မာနိုင်ငံတွင် facebook သည် အသုံးများဆုံး **ဆိုရှယ်မီဒီယာ တစ်ခုဖြစ်** သည်။ ၂၀၂၂ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံတွင် **ဆိုရှယ်မီဒီယာ** အသုံးပြုသူစုစုပေါင်း၏ (၉၈%) မှာ ဖေ့စ်ဘုတ်အသုံးပြုသူ ဖြစ်သည်။၂၀၂၂ ခုနှစ် စစ်တမ်းများအရ လူဦးရေစုစုပေါင်း ၏ (၃၃.၃၅%)မှာ **ဆိုရှယ်မီဒီယာ** အသုံးပြု သူများဖြစ်ပြီး (၃၅%) မှာ ဖေ့စ်ဘုတ်အသုံးပြုသူများဖြစ်သည်။[5] သို့သော် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ဖေ့စ်ဘုတ်အသုံးပြုကာ အချင်းချင်းကြားတွင် သတင်းမျှဝေမှုများ၊ လွတ်လပ်စွာရေးသားပြောဆိုမှုများကိုပင် အကြမ်းဖက်စစ်တပ်မှ ခွင့်မပြုတော့ဘဲ ပစ်မှတ်ထားတိုက်ခိုက်လာသဖြင့် ဖေ့စ်ဘုတ်အသုံးပြုသူများသည် မိမိတို့၏ပရိုဖိုင်းများကို Public ထားရှိရန် မလုံခြုံတော့သောကြောင့် ဖေ့စ်ဘုတ်ကုမ္ပဏီမှ နိုင်ငံအချို့တွင်သာ ရရှိသော ပရိုဖိုင်းကို လော့ဂ်ချနိုင်သည့် feature အား မြန်မာပြည်သူများအသုံးပြုကြရန် တိုက်တွန်းရသည်အထိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများနှင့် ဖိနှိပ်တိုက်ခိုက်ခံရခြင်းများမှာ ဆိုးရွားလာခဲ့သည်။

သို့ဖြစ်၍ အသံအဖွဲ့အနေဖြင့် စစ်တပ်မှ အာဏာသိမ်းပြီးကာလနောက်ပိုင်း အွန်လိုင်းပေါ်တွင် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင်မှုအခြေအနေအား သိရှိရန် ဖေ့စ်ဘုတ်အသုံးပြုသူများကို အခြေပြု၍ သုတေသနစစ်တမ်းတစ်ခုအား ကောက်ယူခဲ့သည်။

စစ်တမ်း၏ လေ့လာတွေ့ရှိချက်များအရ ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်) အသုံးပြုသူ (၆၀.၃%) ရာခိုင်နှုန်းသည် ၎င်းတို့၏ ဖေ့စ်ဘုတ်ပရိုဖိုင်းများအား လုံခြုံရေးလော့ဂ်ချ၍ အသုံးပြုလျက်ရှိပြီး ကျန် (၃၉.၇%) ရာခိုင်နှုန်းမှာ လုံခြုံရေးလော့ဂ် မချဘဲ အသုံးပြုလျက်ရှိကြောင်း သိရသည်။


### *(၁) နိုင်ငံရေးဆိုင်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ကန့်သတ်ခံရမှုအား လေ့လာခြင်း*

အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းယူမှုအား ဆန့်ကျင်သည့် နိုင်ငံအဝှမ်းမှပြည်သူများသည် ၎င်းတို့၏ ဆန္ဒများအား နည်းလမ်းမျိုးစုံဖြင့် ထုတ်ဖော်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရသည်။ ထိုသို့ ထုတ်ဖော်ပြောဆိုမှုများတွင် ထိရောက်သောနည်းလမ်းတခုဖြစ်သည့် (ဖေ့စ်ဘုတ်) ဆိုရှယ်မီဒီယာ ပလက်ဖောင်းမှတဆင့် နိုင်ငံရေးထင်မြင်ယူဆချက်များ၊ အတွေးအခေါ်များကို ရေးသားဖြန့်ဝေမှုသည်လည်း လွန်စွာအားကောင်းလာသည်။ ထိုမှတဆက်တည်း လက်ရှိနိုင်ငံရေးအခင်းအကျင်းများနှင့် တော်လှန်ရေး အတွေးအခေါ်များအား ပြည်သူများထံသို့ စီးဆင်းနိုင်ရန် အွန်လိုင်းစကားဝိုင်းနှင့် ဆွေးနွေးပွဲများကိုလည်းများစွာ ပြုလုပ်လာသည်ကို လေ့လာတွေ့ရှိရသည်။

ပထမဦးစွာဖြင့် စစ်အာဏာသိမ်းမှုနောက်ပိုင်း အွန်လိုင်းတွင် အရပ်သားပြည်သူများ၏ နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်၊ အတွေးအခေါ်များအား ဆွေးနွေးနိုင်မှု အခြေအနေအား လေ့လာဆန်းစစ်ခဲ့သည်။ စစ်တမ်း၏ ရလဒ်များအရ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းယူမှု ဖြစ်ပွားပြီးနောက် အွန်လိုင်းပေါ်တွင် နိုင်ငံရေးနှင့်

[5] Digital Portal. (2022). https://datareportal.com/reports/digital-2022-myanmar


ပတ်သက်ဆက်နွယ်သော စကားဝိုင်းများ၊ ဆွေးနွေးပွဲများတွင် ပါဝင်သည့်သူမှာ (၈.၇%) ရာခိုင်နှုန်းသာရှိပြီး မပါဝင်သည့်သူမှာ (၃၅.၁%) ရာခိုင်နှုန်းခန့် ရှိနေသည်ကိုလည်း တွေ့ရှိရသည်။ (ပုံ- ၁.၁)




***ပုံ - (၁.၁) နိုင်ငံရေးနှင့်သက်ဆိုင်သည့် အွန်လိုင်းဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဖူးခြင်း အခြေအနေပြပုံ***

နည်းပညာရေစီးကြောင်းနှင့်အညီ အားကောင်းလာသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်မှ နိုင်ငံရေးဆွေးနွေးပွဲများသည် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်အသုံးပြုသူများအကြား ရေပန်းစားလာသည့်အလျောက် တဖက်တွင်လည်း စစ်တပ်မှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အွန်လိုင်းပေါ်တွင်ပါမချန်ထိန်းချုပ်၊ ကန့်သတ်လာပြီး နောက်ဆက်တွဲအဖြစ် အကြမ်းဖက်သောနည်းလမ်းမျိုးစုံဖြင့် တောက်လျှောက်ဖိနှိပ်လာသည်မှာ သိသာထင်ရှားလှသည်။

ထိုမှတဆက်တည်း ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်မှ စကားဝိုင်းများ၊ ဆွေးနွေးပွဲများတွင် ပါဝင်ဖူးသူများအနေဖြင့် ၎င်းတို့၏ နိုင်ငံရေးထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော် ဆွေးနွေးနိုင်ခွင့်အား အဆင့်သတ်မှတ်တိုင်းတာရာတွင် တစ်ဖက်ပါပုံအတိုင်းတွေ့ရှိရသည်။ (ပုံ- ၁.၂)





***ပုံ- (၁.၂) ဆိုရှယ်မီဒီယာ(ဖေ့စ်ဘုတ်) များပေါ်မှ စကားဝိုင်းများ၊ ဆွေးနွေးပွဲများတွင် နိုင်ငံရေးထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ဆွေးနွေးနိုင်ခွင့် အခြေအနေပြဇယား***

နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်များနှင့် အတွေးအခေါ်များအား အွန်လိုင်း စကားဝိုင်း (သို့မဟုတ်) ဆွေးနွေးပွဲများတွင် လွတ်လပ်စွာပါဝင်ဆွေးနွေးနိုင်မှု အခြေအနေအား အင်တာဗျူးများဖြင့် လေ့လာဆန်းစစ်ရာတွင်လည်း

***"ထုတ်ဖော်ခွင့်တော့ရပေမယ့် အပြည့်အဝကြီးတော့ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်ကလည်း ကြောက်စိတ်ဖြစ်နေတာလည်းပါတယ်။ ... အွန်လိုင်းကဆိုတော့ အစ်မတို့ ဆွေးနွေးတဲ့ platform က လုံခြုံမှု အပြည့်အဝရှိလား၊ မရှိလားသေချာမသိနိုင်ဘူးလေ။ ကိုယ်ပြောလိုက်တဲ့ဟာတွေ၊ ကိုယ်လုပ်နေတဲ့အရာတွေကို ဘယ်သူတွေက ခိုးပြီးတော့ နားထောင်နေမလဲဆိုပြီး ကြောက်စိတ်လေးတော့ ရှိတယ်"*** ဟု ရန်ကုန်မြို့မှ တက်ကြွလှုပ်ရှားသူ လူငယ်အမျိုးသမီးတစ်ဦးမှ ပြန်လည်ဖြေဆိုထားသည်ကို တွေ့ရှိရသည်။


ထို့အပြင် ဆိုရှယ်မီဒီယာ(ဖေ့စ်ဘုတ်)တွင် မိမိ၏ထင်မြင်ယူဆချက်များအား ထုတ်ဖော်ပြောဆိုရာ၌ လက်ရှိအာဏာသိမ်း အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏အဖွဲ့ဝင်များမှ အချိန်ပြည့်စောင့်ကြည့်နေကာ နေထိုင်ရာအိမ်များအထိ မတရားလာရောက်ဖမ်းဆီး၊ ထောင်ချခြင်းများနှင့် အသက်အန္တရာယ် ခြိမ်းခြောက်ခြင်းများစွာကိုလည်း ပြည်သူများအနေဖြင့် တောက်လျှောက်ကြုံတွေ့နေကြရသည်။

ထိုသို့စောင့်ကြည့်ခံနေရခြင်းမှ ရရှိလာမည့် နောက်ဆက်တွဲအကျိုးဆက်များအား စိုးရိမ်ကြောက်လန့်နေရခြင်း အခြေအနေအား စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူ၏ (၉၄.၆%) ရာခိုင်နှုန်းသည် အွန်လိုင်းတွင် လွတ်လပ်စွာပြောဆိုနိုင်ခွင့်နှင့် ပတ်သက်၍ အကြမ်းဖက်စစ်တပ်အား စိုးရိမ်ကြောက်လန့်နေကြရကြောင်း စစ်တမ်းကောက်ယူချက်များအရ သိရသည်။ (ပုံ- ၁.၃)




***ပုံ- (၁.၃) လွတ်လပ်စွာပြောဆိုနိုင်ခွင့်နှင့်ပတ်သက်၍ အကြမ်းဖက်စစ်တပ်အား စိုးရိမ်ကြောက်လန့်နေကြရခြင်း အခြေအနေပြပုံ***

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများသည် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိနိုင်ငံရေးအပေါ် ၎င်းတို့၏ထင်မြင်ယူဆချက်များကို ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်တွင် ထုတ်ဖော်ပြောဆိုရာ၌ ထိန်ချန်၍အကန့်အသတ်ဖြင့်သာ တင်ပြရကြောင်းတွေ့ရသည်။ ယင်းအခြေအနေကို စစ်တမ်းဖြင့် လေ့လာရာတွင် ပုံတွင်မြင်တွေ့ရသည့်အတိုင်း ဖြေဆိုသူ (၅၈.၉%) ရာခိုင်နှုန်းသည် အမြဲတမ်း အကန့်အသတ်ဖြင့် ထိန်ချန်၍ တင်ပြရသည်ကို တွေ့ရှိရသည်။ (ပုံ- ၁.၄)





***ပုံ- (၁.၄) နိုင်ငံရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာများအား ရေးသား၊ ထုတ်ဖော်ပြောဆိုရာ၌ အကန့်အသတ်များရှိနေခြင်း အခြေအနေပြပုံ***

လက်ရှိအာဏာသိမ်းအကြမ်းဖက်စစ်တပ်၏ စောင့်ကြည့်နေခြင်းအား စိုးရိမ်ကြောက်လန့်ခြင်း ရှိ၊ မရှိကို အင်တာဗျူးများဖြင့် လေ့လာဆန်းစစ်ရာတွင်လည်း အများစုက စိုးရိမ်ကြောက်လန့်နေရကြောင်း ဖြေဆိုထား

သည်ကို လေ့လာတွေ့ရှိရသည်။ ***"တစ်ချို့ဟာတွေက အကန့်အသတ်ရှိတယ်။ လုံးဝ လွတ်လပ်တယ်လို့ မခံစားရဘူး။ ဆိုတော့ ၂၀၂၃ အစောပိုင်း မတ်လ ကနေပြီး စာရေးတာတော့ရပ်ထားတယ်။ ရပ်ထားတယ်ဆိုတာက ကျွန်တော်တို့ freedom မဖြစ်ဘူးလို့ခံစားလာရတယ်။ ကျွန်တော်တို့ ပြောချင်တာတွေရေးဖို့က အရမ်း risk များလာတယ်။ ဒီမေလလောက်ကစပြီး မီဒီယာတွေကို စကားပြောတာ ရပ်လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်အတွက် မလုံခြုံမှုတွေက တိုးလာတဲ့အခါ ဒီအပိုင်းနဲ့ ဆက်စပ်ပြီးမလုပ်တော့ဘူး"*** ဟု အမ်းဒေသအတွင်း နေထိုင်လျက်ရှိသူတစ်ဦးမှ ပြောသည်။

ဖြေဆိုသူပေါင်း၏ (၈၂.၄%) ရာခိုင်နှုန်းခန့်သည် မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုမှာ ယခုကာလအတွင်း အချိန်နှင့်အမျှ ယိုယွင်းဆုတ်ယုတ်လာသည်ဟု ဖြေဆိုပြီး၊ ပြောင်းလဲခြင်းမရှိဟု ဖြေဆိုသူ (၁၂.၃%) ရာခိုင်နှုန်းရှိသည်ကို စစ်တမ်းတွင် တွေ့ရှိရသည်။ (ပုံ- ၁.၅)




***ပုံ- (၁.၅) မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့် အခြေအနေပြပုံ***

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အကြမ်းဖက်စစ်တပ်မှ နည်းမျိုးစုံဖြင့် ကန့်သတ်ထိန်းချုပ်လာသည့်အတွက် ပြည်သူများမှာ မိမိတို့ယုံကြည်ရာ အတွေးအခေါ်၊ အယူအဆများအား လွတ်လွတ်လပ်လပ် တင်ပြ၊ ပြောဆိုနိုင်ခွင့် လုံးဝမရှိတော့ပဲ နိုင်ငံရေးနှင့် သက်ဆိုင်သောပို့စ်များအား အွန်လိုင်းတွင် ရေးသား၊ ပြောဆိုခြင်းကြောင့် နောက်ဆက်တွဲ ရရှိလာမည့် အကျိုးဆက်များအား အလွန်စိုးရိမ်နေရကြောင်း အင်တာဗျူးတွင် ရခိုင်တွင်နေထိုင်သူ အမျိုးသမီးတစ်ဦးမှ ယခုကဲ့သို့ ဖြေဆိုထားသည်ကို လေ့လာတွေ့ရှိရသည်။


***"လွတ်လပ်စွာပြောဆိုခွင့်နဲ့ ပတ်သက်ပြီး အခွင့်အရေးက လုံးဝကို ဆုံးရှုံးသွားတယ်။ ပြောချင်တာရှိရင်တောင်မှ ဖြစ်ချင်ရာဖြစ်ဆိုတဲ့စိတ်တစ်ခုနဲ့ ပြောလိုက်ရင် အများကြီးကြုံလာနိုင်တယ်။ မိသားစုနဲ့လည်း ပြဿနာတွေဖြစ်လာနိုင်တယ်... ကိုယ့်မိသားစုကို မထိခိုက်စေချင်ဘူးဆိုတဲ့ စိတ်နဲ့သွားလိုက်ရင် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့် မရှိတော့ဘူး။ လွတ်လပ်စွာပြောဆိုခွင့်က ဒီကာလမှာ လုံးဝမရဘူး။ ပြောလိုက်မိရင် ကိုယ့်ကို ဘယ်အချိန်လာဖမ်းမလဲ ကြောက်နေရတာ"***

ထို့အပြင် အကြမ်းဖက်စစ်တပ်မှ လွတ်လပ်စွာထုတ်ဖော်ခွင့်အား နည်းဗျူဟာကျကျ ထိန်းချုပ်နိုင်ရန် ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ် ရှိ ၎င်းတို့အာဏာသိမ်းမှုအား ဆန့်ကျင်သည့် နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ၊ နာမည်ကြီး အနုပညာရှင်များ၊ စာရေးဆရာ၊ ကဗျာဆရာများနှင့် အခြားထင်ပေါ် ကျော်ကြားသူများကို စံပြနမူနာအဖြစ် ဖမ်းဆီး၊ ထောင်ချခြင်းများအား စနစ်တကျပြုကျင့်နေကြောင်း ရန်ကုန်မှ အင်တာဗျူးဖြေဆိုသူ လူငယ်တစ်ဦးမှ ပြောကြားထားသည်။

လက်ရှိနိုင်ငံရေးနှင့် ပတ်သက်ဆက်နွယ်သော အတွေးအခေါ်၊ အယူအဆများအား ရေးသား၊ ထုတ်ဖော် ပြောဆိုခြင်းကြောင့် အွန်လိုင်းတွင် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အခြားသော တိုက်ခိုက်ခြင်းအား ကြုံတွေ့ဖူးသူမှာ (၅၄.၄%) ရာခိုင်နှုန်းခန့် ရှိနေပြီး (၄၅.၆%) ရာခိုင်နှုန်းသည် မကြုံတွေ့ဖူးသူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ လေ့လာသုံးသပ်ချက်များအရ နိုင်ငံရေးနှင့် ဆက်စပ်နေသော အတွေးအခေါ်၊ အယူအဆ များအား ထုတ်ဖော်ပြောဆိုခြင်းကြောင့် အွန်လိုင်းတွင် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အခြားသော တိုက်ခိုက်ခြင်းအားကြုံတွေ့ဖူးကြသူများမှာ စစ်တမ်းတွင် ဖြေဆိုသူ စုစုပေါင်း၏ ထက်ဝက်ကျော်ခန့်ပင် ရှိနေ သည်ကို ထင်ရှားစွာ တွေ့ရှိရသည်။

ထိုနည်းတူ နိုင်ငံရေးအတွေးအခေါ်၊ အယူအဆများအား အွန်လိုင်းတွင် ရေးသား၊ ထုတ်ဖော် ပြောဆို ခြင်းကြောင့် ပြင်ပတွင် လူကိုယ်တိုင် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အခြားသော တိုက်ခိုက်ခြင်းများကို ကြုံတွေ့ဖူးသူများမှာလည်း ဖြေဆိုသူများ၏ ထက်ဝက်နီးပါးခန့်ပင် ရှိနေသည်ကို စစ်တမ်းကောက်ယူမှုမှ ရရှိသော အချက်အလက်များအရ သိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာပလက်ဖောင်းပေါ်တွင် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်နှင့်ပတ်သက်၍ ဆိုရှယ်မီဒီယာလွတ်လပ်ခွင့်အား စစ်တမ်းဖြေဆိုသူ (၅၈) ယောက်မှ အောက်တွင်ဖော်ပြပါဇယားအတိုင်း အဆင့်သတ်မှတ်ထားသည်။ (ပုံ- ၁.၇)





***ပုံ- (၁.၆) မြန်မာနိုင်ငံ၏ ဆိုရှယ်မီဒီယာပလက်ဖောင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်အဆင့်သတ်မှတ်ချက် အခြေအနေပြဇယား***

## (၂) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဥပဒေများအသုံးပြု၍ အရေးယူဖိနှိပ်မှုအား လေ့လာခြင်း

အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းမှုအားဆန့်ကျင်သော Facebook Profile ပုံပြောင်းလဲခြင်းနှင့် Profile Frame ပြောင်းလဲခြင်းများကိုပင်လျှင် ကန့်သတ်ကာ ၎င်းတို့အဖွဲ့ဝင်များ၏ သတင်းပေးမှုအရ ပြည်သူများ၏ နေအိမ်များသို့ လာရောက်ဖမ်းဆီး၍ တရားမျှတမှုမရှိသော ထောင်ချအရေးယူခြင်းများကို ဆိုးရွားစွာ ကျူးလွန်လာသည်။ ထို့ကြောင့် အွန်လိုင်းပေါ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်ပြီး မတရားသဖြင့် ဥပဒေသုံးကာ ဖိနှိပ်မှုများ လုပ်ခြင်းနှင့် နောက်ဆက်တွဲ အရေးယူခံရခြင်းများကို လေ့လာခဲ့သည်။ ၎င်းအကြောင်းအရာနှင့် စပ်လျဉ်း၍ မြို့ပြနေ ဒေသခံတစ်ဦးမှ

***"သူတို့ အိမ်ထိလာပြီးတော့ ဖမ်းဆီးသွားတာတွေ ကြုံဖူးပါတယ်။ တိုက်ပွဲမှာ စစ်တပ်ဘက်က ကျတဲ့သူများတော့ သူကဝမ်းသာတဲ့အနေနဲ့ ရေးပြီးတော့ တင်လိုက်တဲ့အခါမှာ တစ်ယောက်ယောက်က လိုင်းပေါ်မှာ သူတင်တဲ့ဟာကို screenshot ရိုက်ပြီး သွားတိုင်တဲ့ပုံစံမျိုး။ အဲ့ဒီနောက် ရဲတွေက အိမ်ကို လာဖမ်းသွားတာ"*** ဟု မြစ်ကြီးနားမြို့ခံ တစ်ဦးမှ ၎င်းနေထိုင်ရာ ပတ်ဝန်းကျင်တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အား အင်တာဗျူးတွင် ပြန်လည်ဖြေဆိုထားသည်။


နေထိုင်ရာပတ်ဝန်းကျင်မှ တစ်စုံတစ်ဦးသည် ၎င်း၏နိုင်ငံရေးယုံကြည်ချက်၊ ထင်မြင်ယူဆချက်များအား အွန်လိုင်း(ဖေ့စ်ဘုတ်)တွင် လွတ်လပ်စွာထုတ်ဖော်ရေးသား၊ ပြောဆိုခြင်းကြောင့် ဥပဒေပိုင်းဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် ဆင်ဆာဖြတ်ခံရခြင်း (ကန့်သတ်ခံရခြင်း)အပြင် အကြမ်းဖက်စစ်တပ်၏ အဖမ်းခံရခြင်းများ ကို ကြုံတွေ့ဖူးသူများမှာ ဖြေဆိုသူများ၏ (၈၂.၅ %) ရာခိုင်နှုန်းထိ ရှိနေသည်ကို စစ်တမ်းမှ လေ့လာတွေ့ရှိ ရသည်။ (ပုံ- ၂.၁)




**ပုံ- (၂.၁) လွတ်လပ်စွာထုတ်ဖော်ရေးသား၊ ပြောဆိုခြင်းကြောင့် ဥပဒေပိုင်းဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များအား ကြုံတွေ့ဖူးသူ အခြေအနေပြပုံ**

ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် ထုတ်ဖော်ရေးသားမှုများကြောင့် မိမိတို့ကိုသာမက ရင်းနှီးဆက်စပ်သူများကိုပါ အကြမ်းဖက်စစ်တပ်က ရှာဖွေဒုက္ခပေးနိုင်သဖြင့် မိမိတို့၏သဘောထားအမှန်များကို ပကတိအတိုင်း

တင်ပြခြင်းအား ရှောင်ရှားလာကြသည်ကို တွေ့ရသည်။ စစ်တမ်းဖြေဆိုသူ၏ (၈၅.၉%) ရာခိုင်နှုန်းသည် အထက်တွင်ဖော်ပြထားသကဲ့သို့ အကြမ်းဖက်စစ်တပ်မှ လာရောက်ဖမ်းဆီးမည်ကို စိုးရိမ်ကြောက်လန့်သောကြောင့် မိမိ၏ လွတ်လပ်စွာပြောဆိုခွင့်ကို ကိုယ်တိုင် ထိန်းချုပ်၊ ကန့်သတ်နေရသည်။ (ပုံ- ၂.၂)




***ပုံ- (၂.၂) အကြမ်းဖက်စစ်တပ်မှ လာရောက်ဖမ်းဆီးမည်ကို စိုးရိမ်ကြောက်လန့်သောကြောင့် မိမိ၏လွတ်လပ်စွာပြောဆိုခွင့်ကို ကိုယ်တိုင်ထိန်းချုပ်၊ ကန့်သတ်နေရခြင်း အခြေအနေပြပုံ***


ယင်းအခြေအနေကို အင်တာဗျူးဖြင့် လေ့လာဆန်းစစ်ရာတွင် အများစုက စိုးရိမ်ကြောက်လန့် နေရကြောင်း ဖြေဆိုထားသည်ကို တွေ့ရှိရသည်။

***"နိုင်ငံရေးပတ်သက်ပြီး ပြောရင်တော့ စကားအကုန်ပြောလို့ မရဘူး။ အခြေအနေတွေ ကြည့်ပြီးတော့ ချန်သင့်တာကိုချန်၊ ပြောသင့်တာကိုပြောတယ်။ ရွာထဲမှာ ရှိနေတဲ့ တချို့သူတွေကြောင့်လဲပါတယ်၊ တခါတလေ အဆက်အစပ်နဲ့ ရောထွေးမိခဲ့လို့ရှိရင် ရှာဖွေခံရမှာတွေ စိုးရိမ်တယ်။ အခုက နည်းပညာတွေကလည်း တိုးတက်လာတာဆိုတော့။ ဒါကြောင့် အွန်လိုင်းမှာ ပြောဆိုထုတ်ဖော်တာတွေကို နည်းနည်းထိန်းချုပ်ပြီး ပြောရတယ်"*** ဟု ရခိုင်ဒေသအတွင်းနေထိုင်သူ အမျိုးသမီးတစ်ဦးမှ အင်တာဗျူးတွင် ယခုလို ဖြေဆိုထားသည်။

### *(၃) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နည်းပညာဖြင့် ကန့်သတ်၊ ဖိနှိပ်မှုအား လေ့လာခြင်း*


အရပ်သားပြည်သူများအနေဖြင့် မိမိတို့၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် နည်းပညာပိုင်းဆိုင်ရာ အနှောင့်အယှက်၊ အဟန့်အတားများနှင့် ပတ်သက်၍ ဆက်လက်လေ့လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်းကာလများတွင် နိုင်ငံအဝှမ်း အင်တာနက်ဖြတ်တောက်မှု များစွာ ပြုလုပ်ခဲ့သည်မှာ သိသာထင်ရှားလှသည်။

စစ်တမ်းကောက်ယူချက်များအရ နိုင်ငံအတွင်း နေရာအနှံ့အပြား အင်တာနက်ပိတ်ဆို့ဖြတ်တောက်ခြင်း (သို့မဟုတ်) ကြားဖြတ်နှောင့်ယှက်ခြင်းကြောင့် အင်တာနက်အသုံးပြုရန် အမြဲတမ်း အခက်အခဲ ကြုံတွေ့ရကြောင်း (၅၆.၁%) ရာခိုင်နှုန်းခန့်က ဖြေဆိုထား၍ ရံဖန်ရံခါအခက်အခဲကြုံတွေ့ရကြောင်း ဖြေဆိုသူမှာ (၃၁.၆%) ခန့် ရှိသည်ကို လေ့လာတွေ့ရှိရသည်။ (ပုံ- ၃.၁)




***ပုံ- (၃.၁) အင်တာနက်ပိတ်ဆို့ဖြတ်တောက်ခြင်း (သို့မဟုတ်) ကြားဖြတ်နှောင့်ယှက်ခြင်းကြောင့် အင်တာနက်အသုံးပြုရန် အခက်အခဲကြုံတွေ့ရခြင်း အခြေအနေပြပုံ***

ထို့အပြင် နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များကြောင့် Website များကို ဝင်ရောက်ကြည့်ရှုနိုင်ရန် အမြဲတမ်း အခက်အခဲကြုံတွေ့နေရကြောင်း ဖြေဆိုထားသူမှာ (၃၁.၆%) ရာခိုင်နှုန်းရှိပြီး ရံဖန်ရံခါ အခက်အခဲ ကြုံတွေ့နေရကြောင်း ဖြေဆိုထားသူ ရာခိုင်နှုန်းမှာ (၅၇.၈%) ခန့် ရှိနေသည်ကိုလည်း တွေ့ရှိရသည်။ (ပုံ- ၃.၂)




***ပုံ- (၃.၂) နည်းပညာပိုင်းဆိုင်ရာ အကန့်အသတ်များကြောင့် Website များကို ဝင်ရောက်ကြည့်ရှုနိုင်ရန် အခက်အခဲကြုံတွေ့နေရခြင်း အခြေအနေပြပုံ***

### *နိဂုံးချုပ်*

စစ်အာဏာသိမ်းမှုနှင့်အတူ ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အတိဆုံးရှုံးသွားပြီးဖြစ်သည်။ မြေပြင်အချက်အလက်များ၊ လေ့လာတွေ့ရှိချက်များအရ ဆိုရှယ်မီဒီယာပလက်ဖောင်း (Facebook) ပေါ်မှ အချက်အလက်များသည် ပြင်ပလက်တွေ့ဘဝကိုပါ လုံးဝလုံခြုံမှုမရှိ ဖြစ်သွားစေသောကြောင့် အွန်လိုင်းပလက်ဖောင်းတွင် မိမိတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုရန်အတွက် လွန်စွာတွန့်ဆုတ်သွားကြပြီး ထုတ်ဖော်ပြောဆိုမှု တစ်ခုစီတိုင်းသည် ထိုသူ၏ လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း တွေ့ရသည်။

ဆိုရှယ်မီဒီယာ (ဖေ့စ်ဘုတ်) ပေါ်မှာပင်လျှင် လွတ်လွပ်စွာထုတ်ဖော်ပြောဆို၊ ရေးသားနိုင်ခွင့်သည် ဆိုးဆိုးရွားရွား ချိုးဖောက်ခံနေရပြီး တင်လိုက်သော ပို့စ်တစ်ခု၊ ပုံတစ်ပုံကြောင့် အိမ်ထိလာရောက်ဖမ်းဆီးခြင်းများကို ပတ်ဝန်းကျင်တွင် တောက်လျှောက်ကြုံတွေ့နေရသည်။ မိမိ၏ ထင်မြင်ယူဆချက်များ၊ အတွေးအခေါ်များ၊ အမြင်များကို အွန်လိုင်း (Facebook) ပေါ်တွင် ရေးတင်လိုက်ပါက ကြုံတွေ့လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို မိမိသာမက မိသားစုဝင်များပါခံစားရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် အွန်လိုင်းပေါ်တွင် တချို့သောကိစ္စများ၊ အကြောင်းအရာများကို ကိုယ်တိုင်ရေးသားခြင်းနှင့် တဆင့်ပြန်လည်ဝေမျှခြင်းများအပြင် အချို့နိုင်ငံရေး နှင့် ဆက်စပ်သောပို့စ်များအား Reaction ပေးခြင်း၊ မှတ်ချက်ပေးခြင်းများ (Comment) ကိုပင်ရှောင်ရှားလာကြသည် ကိုတွေ့ရသည်။

နိုင်ငံတကာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူသားတိုင်းအတွက် အခြေခံလူ့ရပိုင်ခွင့်တစ်ခုဖြစ်နေပြီး ဥပဒေများဖြင့်ပါ ထိုအခွင့်အရေးများကို အကာအကွယ်ပေးထားသော်လည်း မြန်မာနိုင်ငံတွင်မူ အွန်လိုင်းပေါ်တွင် ရေးသား၊ ထုတ်ဖော်သည့် အခါတိုင်းတွင် ပြည်သူများအနေဖြင့် မိမိ၏ လုံခြုံရေး၊ မိသားစုများ၏ လုံခြုံရေးနှင့် အသက်အန္တရာယ်တို့ကို ရင်း၍ ထုတ်ဖော်ပြောဆိုနေကြရသည်။

ထို့ကြောင့် မိမိတို့၏ လွတ်လပ်စွာထုတ်ဖော်ခွင့်အတွက် မကြောက်မရွံ့ ဆက်လက် တိုက်ပွဲဝင်နေကြသော မြန်မာပြည်သူများအတွက် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားမှု အဖွဲ့အစည်းများအနေဖြင့် လက်တွေ့ကျသော အဖြေရှာခြင်းများကို ပိုမိုချဉ်းကပ်ရန်လိုအပ်သည်။

## ကိုးကားချက်

Abraham, S. (2018). First Among Equals? The Role of the State in Facilitating Internet: Access and Protecting the Freedom of Expression Online in the Global South. *Just Security in the Under Governed World*, 352-388.


First Among Equals? The Role of the State in Facilitating Internet: Access and Protecting the Freedom of Expression Online in the Global South. *Just Security in the Under Governed World*, 352-388 (Abraham, S/ 2018).

Myanmar: UN experts condemn military's "digital dictatorship". United Nations (June 2022) https://www.ohchr.org/en/press-releases/2022/06/myanmar-un-experts-condemn-militarys-digital-dictatorship

စစ်အာဏာသိမ်းကောင်စီက မြန်မာနိုင်ငံမှာ Facebook အသုံးပြုမှု ယာယီပိတ်ပင်တော့မည်. Voice of America. (February 2021) https://burmese.voanews.com/a/facebook-communication-telecommunication-sociamedia-coup/5764803.html

သတင်းမီဒီယာတွေနဲ့ အွန်လိုင်းသုံးစွဲသူတွေအပေါ် ခြိမ်းခြောက်လာနေတဲ့ဥပဒေသစ်. Development Media Group (Facebook Page) (November 2021) https://www.facebook.com/dmgnewsagency/photos/a.466679383484478/2157365711082495/?type=3

DIGITAL 2022: MYANMAR. Simon Kemp. (February 2022) https://datareportal.com/reports/digital-2022-myanmar




အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့